Message Six

# ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ အသက်ရှင်ခြင်း

# (၃)

# ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို ပြည့်ဝခြင်း၌ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၂၈း၁၉။ ၂ကော၊၁၃း၁၄။ ဗျာ၊၁း၄-၅။ ၄း၅။ ၅း၆

**I. ခမ္မသစ်၌ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ အရှင်းလင်းဆုံးသောဖွင့်ပြခြင်းမှာ မ၊၂၈း၁၉ တွင် မြင်ရသည်။ ယင်းတွင် "ခမည်းတော်၏ နှင့် သားတော်၏ နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမအထဲသို့ " ဗတ္တိဇံခံရန် ပြောဆိုထားသည်။**

က။ ဘုရားသခင်သည် အတုမဲ့တစ်ပါးတည်း ဖြစ်သော်လည်း၊ ပုဂ္ဂိုလ်တော်သုံးပါးရှိသည် – ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် – အငယ်၊၁၉။

ခ။ မဿဲ၊၁၉ သည် တစ်ဖက်တွင် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်ကို ပြောဆိုထား၍၊ အခြားတစ်ဘက်တွင် ဤကျမ်းပိုဒ်၌ နာမတော်တစ်ခုတည်းသာရှိသည် – ခမည်းတော်၏ နှင့် သားတော်၏နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမ။

၁။ နာမသည် ဘုရားဖြစ်ခြင်း၏စုစုပေါင်းဖြစ်၍ ကိုယ်တော်၏ပုဂ္ဂိုလ်တော်နှင့်ညီမျှသည်။

၂။ နာမတစ်ခုတည်း၌ သုံးပါး – ခမည်းတော်၊ သားတော် နှင့် သန့်ရှင်းသောဝိညာဉ်တော် – ပါဝင်၍ ဘုရားသည် တစ်ပါး၌ သုံးပါးရှိကြောင်းကို ဖွင့်ပြထားသည်။

၃။ ယုံကြည်သူများကို သုံးပါးတစ်ပါးဘုရား၏နာမအထဲသို့ ဗတ္တိဇံပေးခြင်းမှာ သူတို့အား သုံးပါးတစ်ပါးဘုရား၏ ဖြစ်ခြင်း အလုံးစုံအထဲသို့ နှစ်မြှုပ်ပေးလိုက်ခြင်းဖြစ်၍၊ သူတို့အား သုံးပါးတစ်ပါးဘုရား၏ ပုဂ္ဂိုလ်တော်အထဲသို့ ခေါ် ဆောင်လာပေးခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူတို့သည် ဤဘုရားဆိုင်ရာ ပုဂ္ဂိုလ်တော်နှင့်အတူ အသက်ဆိုင်ရာရှင်သန်သော ပေါင်းစည်းခြင်းကို ရရှိနိုင်ကြမည်ဖြစ်သည် – အငယ်၊၁၉။

ဂ။ ခမည်းတော်၏ နှင့် သားတော်၏ နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမအထဲသို့ ဗတ္တိဇံခံခြင်းမှာ နက်နဲသော အကြောင်းအရာဖြစ်သည် – ၁ကော၊၁ ၂း၁၃။ ဂလ၊၃း ၂၇။

၁။ မ၊၂၈း၁၉ ရှိ *အထဲသို့* ဟူသည်မှာ ရော၊၆း၃ နှင့် ဂလ၊၃း၂၇ တို့တွင် ဖော်ပြထားသကဲ့သို့ ပေါင်းစည်းသွားခြင်းကို ရည်ညွှန်းဖော်ပြသည်။

၂။ သုံးပါးတစ်ပါးဘုရား၏နာမအထဲသို့ ဗတ္တိဇံခံခြင်းမှာ ကိုယ်တော်နှင့်အတူ နက်နဲသောပေါင်းစည်းခြင်းအထဲသို့ ထားရှိလိုက်ခြင်း ဖြစ်၍၊ ဘုရားဖြစ်ခြင်းအလုံးစုံသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ သင့်လျော်လာစေခြင်းဖြစ်သည် – မ၊ ၂၈း၁၉။

ဃ။ မဿဲ၊ ၂၈း၁၉ ရှိ မိန့်မှာခြင်းမှာ သခင်ယေရှုသည် သုံးပါးတစ်ပါးဘုရား၏ အဆင့်ဆင့်ဖြတ်ကျော်ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သော ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်သွားပြီးနောက်တွင် မိန့်မှာထားခြင်းဖြစ်သည်။

၁။ သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံခြင်းဖြင့် အစပြုကာ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ပြီးမြောက်ပြည့်စုံသော ဖြစ်စဉ်များကို ဖြတ်ကျော်ခဲ့သည် – ယော၊၁း၁၄။ ရော၊၆း၄။

၂။ ရှင်ပြန်ထမြောက်ခြင်းခရစ်တော်၌ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်း၊ အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာသော သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းမှာ ယုံကြည်သူများအဖို့ ဘုရားဆိုင်ရာသုံးပါးတစ်ပါးအထဲသို့ ဗတ္တိဇံခံယူရန်အတွက် ဖြစ်သည် – ၁ကော၊၁၅း၄၅။ ၂ကော၊၃း၁၇။

၃။ သုံးပါးတစ်ပါး၏ပုဂ္ဂိုလ်အထဲသို့ ဗတ္တိဇံခံခြင်းမှာ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် အရာအားလုံး–ပါဝင်သော၊ ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းဖြစ်သည် – မ၊ ၂၈း၁၉။

က။ ဤသည်ကား၊ ခမည်းတော်၏ကြွယ်ဝခြင်းများအထဲသို့၊ သားတော်၏ကြွယ်ဝခြင်းများအထဲသို့၊ ဝိညာဉ်တော်၏ ကြွယ်ဝခြင်းများအထဲသို့ ဗတ္တိဇံခံခြင်းဖြစ်သည် – ဧ၊၃း၈။

ခ။ ဗတ္တိဇံခံယူခဲ့ကြသော ကျွန်ုပ်တို့သည် ယခုတွင် သုံးပါးတစ်ပါးဘုရားနှင့်အတူ အသက်ဆိုင်ရာ ရှင်သန်သော ပေါင်းစည်းခြင်း၌ ရှိကြပြီဖြစ်သည်။ သို့ဖြစ်၍ ခမည်းတော်ရှိသောအရာတိုင်း၊ သားတော်ရှိသောအရာတိုင်းနှင့် ဝိညာဉ်တော်လက်ခံရရှိသောအရာတိုင်းမှာ ကျွန်ုပ်တို့၏ အရာဖြစ်လာသည် – ၁ကော၊၆း၁၇။ ယော၊၁၅း၄-၅၊ ၇။

**II. ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို ပြည့်ဝခြင်း၌ တွေ့ကြုံခံစား၍ မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ဘုရားသခင်၏ မေတ္တာတော်၊ သခင်ယေရှုခရစ်၏ကျေးဇူးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ ပါဝင်ဆက်ဆံခြင်းဖြစ်သည် – ၂ကော၊၁၃း၁၄။**

က။ ၂ကော၊၁၃း၁၄ တွင် ပိုပန်းသဏ္ဍာန်သုံးခုၡရှိသော ပုဂ္ဂိုလ်သုံးပါးကို ဖော်ပြထားသည် – ခမည်းတော်ဘုရား (မေတ္တာတော်)၊ သခင်ယေရှုခရစ်၊ သားတော်ဘုရား (ကျေးဇူးတော်) နှင့် သန့်ရှင်းသောဝိညာဉ်တော် (မိတ်သဟာယတော်)။

ခ။ ခမည်းတော်၏ မေတ္တာတော်သည် အရင်းအမြစ်ဖြစ်၍၊ ဘုရားသခင်သည် မူလအစဖြစ်သည်။ သခင်ဘုရား၏ ကျေးဇူးတော်သည် ဘုရားသခင့်မေတ္တာတော်၏ လမ်းကြောင်းဖြစ်၍၊ သခင်ဘုရားသည် ဘုရားသခင်၏ ထင်ရှားခြင်း ဖြစ်သည်။ ဝိညာဉ်တော်၏ မိတ်သဟာယတော်သည် ဘုရားသခင်၏ မေတ္တာတော်နှင့်အတူ သခင်ဘုရား၏ ကျေးဇူးတော် ထည့်သွင်းပေးခြင်းဖြစ်၍၊ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းနှင့် ဝမ်းမြောက်ခြင်းအတွက် ဘုရားသခင်နှင့်အတူ သခင်ဘုရား၏ ပို့လွှတ်ပေးခြင်းဖြစ်သည် – ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် – အငယ်၊၁၄။ မ၊၂၈း၁၉။

ဂ။ ၂ကော၊၁၃း၁၄ ရှိ မေတ္တာတော်၊ ကျေးဇူးတော်နှင့် မိတ်သဟာယတော်သည် မ၊၂၈း၁၉ ရှိ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းသည်။

၁။ သခင်ဘုရား၏ ကျေးဇူးတော်မှာ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းအတွက် အသက်တည်းဟူသော သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည် – ယော၊၁း၁၇။ ၁ကော၊၁၅း၁၀။

၂။ ဘုရားသခင်၏ မေတ္တာတော်သည် သခင်ဘုရား၏ ကျေးဇူးတော်၏ အရင်းအမြစ်ဖြစ်သော ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်သည် – ၁ယော၊၄း၈။

၃။ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်သည် ကျွန်ုပ်တို့၏ ပါဝင်ဆက်ဆံခြင်းအတွက် ဘုရားသခင်၏ မေတ္တာတော်နှင့်အတူ သခင်ဘုရား၏ ကျေးဇူးတော်၏ ပို့လွှတ်ပေးခြင်းဖြစ်သော ဝိညာဉ်တော်ကိုယ်တော်တိုင်ဖြစ်သည် – ၂ကော၊၁၃း၁၄။

၄။ ခမည်းတော်ဘုရား၏ မေတ္တာတော်သည် သားတော်ခရစ်တော်၏ ကျေးဇူးတော်၌ ထင်ရှား၍၊ သားတော်ခရစ်တော်၏ ကျေးဇူးတော်သည် ယုံကြည်သူများထံသို့ ပို့လွှတ်ပေးရန်အတွက် ဝိညာဉ်တော်ဘုရား၏ မိတ်သဟာယ၌ရှိသည် – ယော၊၃း၁၆။ ၁း၁၇၊ ၁၆။

(က) သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်အားဖြင့် ကျေးဇူးတော်သည် ကျွန်ုပ်တို့ထံ ရောက်ရှိလာသည် – ၂ကော၊၁၃း၁၄။

(ခ) ခရစ်တော်၏ ကျေးဇူးတော်သည် ဘုရားသခင်၏ မေတ္တာတော်မှထွက်လာ၍၊ ဤကျေးဇူးတော်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ မိတ်သဟာယတော်အားဖြင့် ကျွန်ုပ်တို့ထံသို့ ပို့လွှတ်ပေး၍၊ ကျွန်ုပ်တို့အထဲသို့ ရောက်ရှိလာသည် – အငယ်၊၁၄။

(ဂ) သခင်ဘုရား၏ ကျေးဇူးတော်ကို အစဉ်တကျတွေ့ကြုံခံစားဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်၌ ရှိရမည်ဖြစ်၍၊ သခင်ဘုရား၏ ကျေးဇူးတော်ကို ဝမ်းမြောက်နေခြင်းမှာ ဘုရားသခင်၏ မေတ္တာတော်ကို မြည်းစမ်းဝမ်းမြောက်နေခြင်းဖြစ်သည် – ယော၊၁း၁၄၊ ၁၆။ ၁ယော၊၄း၈–၁၀။

ဃ။ ဘုရားဆိုင်ရာသုံးပါးတစ်ပါးတွင် အရင်းအမြစ်၊ လမ်းကြောင်းနှင့် စီးဆင်းခြင်းရှိသည် – ၂ကော၊၁၃း၁၄။

၁။ အရင်းအမြစ်၊ စမ်းရေတွင်းသည် ဘုရားသခင်၏ မေတ္တာတော်ဖြစ်သည် – ယော၊၃း၁၆။ ၄း၁၄။

၂။ လမ်းကြောင်း၊ စီးထွက်လာခြင်းမှာ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ထံသို့ ကျေးဇူးတော်၏ ထင်ရှားခြင်းနှင့် ပို့ဆောင်ပေးခြင်းဖြစ်သည် – ၁ကော၊၁၆း၂၃။

၃။ စီးဆင်းခြင်းမှာ ခမည်းတော်၏ မေတ္တာတော်နှင့်အတူ ခရစ်တော်၏ ကျေးဇူးတော်မိတ်သဟာယဖွဲ့ခြင်း၊ ပို့လွှတ်ပေးခြင်းနှင့် လည်ပတ်စီးဆင်းခြင်းတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည် – ၂ကော၊၁၃း၁၄။

**III. ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို ပြည့်ဝခြင်း၌ တွေ့ကြုံခံစားခြင်းနှင့် ဝမ်းမြောက်ခြင်းမှာ မျက်မှောက်၌ရှိတော်မူသော၊ အတိတ်ကရှိခဲ့သော၊ ကြွလာတော်မူမည့်အရှင်အားဖြင့်၊ ဝိညာဉ်တော်ခုနစ်ပါးအားဖြင့်၊ သစ္စာရှိသောသက်သေ၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ မြေကြီး၏ ရှင်ဘုရင်များကို အုပ်စိုးတော်မူသော ခရစ်တော်ယေရှုအားဖြင့် ပြီးမြောက်ပြည့်စုံမည်ဖြစ်သည် – ဗျာ၊၁း၄–၅။**

က။ ဗျာ၊၁း၄ ၌ မျက်မှောက်၌ရှိတော်မူသော၊ အတိတ်ကရှိခဲ့သော၊ ကြွလာတော်မူမည့်အရှင်ဖြစ်သော ဘုရားသခင်ကို ပြောထားသည်။

၁။ ဤသည်ကား ယေဟောဝါ၏ နာမ အဓိပ္ပါယ်ဖြစ်သည်။

က။ ဟေဗြဲစကား၌ ယေဟောဝါ ဟူသည်မှာ "ငါဖြစ်သည်အတိုင်း ငါဖြစ်သော"ဟု အဓိပ္ပါယ်ရသည် – ထွ၊၃း၆၊ ၁၄။

ခ။ ကိုယ်တော်၏ ဖြစ်ခြင်းက **ငါဖြစ်သည်** ဟူသည်မှာ ကိုယ်တော်သည် ထာဝရမှ ထာဝရတည်ရှိနေသောအရှင် ဖြစ်ကြောင်းကို ဆိုလိုသည်။

၂။ ဘုရားသခင်သည် သူဖြစ်သည်အတိုင်းဖြစ်တော်မူသည့် တစ်ပါးတည်းသောအရှင်၊ ဖြစ်ခြင်း၏ စစ်မှန်ခြင်းရှိသည့် တစ်ပါးတည်းသောအရှင်ဖြစ်သည်။

၃။ ဟေဗြဲ၊၁၁း၆ တွင် "ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုယုံကြည်ရမည်" ဟုပြောဆိုထားသည်။

က။ ဟေဗြဲ၁၁း၆ အရ ဘုရားသခင်ရှိတော်မူသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရှိခြင်းကို ယုံကြည်ကြရမည်။
ခ။ မျက်မှောက်၌ရှိနေသော၊ အတိတ်ကရှိခဲ့သော၊ ကြွလာတော်မူမည်ဖြစ်သောဘုရားသခင်သည် မိမိဖာသာ–တည်ရှိနေသောအရှင်၊ ကာလအစဉ်တည်ရှိနေတော်မူသောအရှင်၊ မိမိကိုယ်တော်တိုင်၌သာ တည်မှီနေသောအရှင်၊ ထာဝရတည်ရှိနေတော်မူသောအရှင်၊ အစအဆုံးမရှိသောအရှင်ဖြစ်သည် – ထွ၊၃။
ဂ။ ဘုရားသခင်၏ဖြစ်ခြင်းကို ယုံကြည်ခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်ကြောင်းကို ယုံကြည်ခြင်းဖြစ်သည် – ယော၊ဂး၅ဂ။ ဒေ၊၁း၂။
ဃ။ ဘုရားသခင်၏ဖြစ်ခြင်းကို ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်းကို ရည်ညွှန်းသည်။ ကိုယ်တော်သည် အရာခပ်သိမ်း၌ တစ်ပါးတည်းသောအရှင်၊ အတုမဲ့သောအရှင်ဖြစ်၍၊ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဘာမျှမဟုတ်ပေ – ဟေဗြဲ၁၁း၅။ က၊၅း၂၂–၂၄။

ခ။ဗျာ၁း၄ တွင် "ကိုယ်တော်၏ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ်တော်ခုနစ်ပါး"ဟု ပြောဆိုထားသည်။
၁။ ဗျာဒိတ်ကျမ်းတွင် ဝိညာဉ်တော်ကို ဝိညာဉ်တော်ခုနစ်ပါး (၁း၄။ ၄း၅။ ၅း၆)၊ အရှိန်အဟုန်ခုနစ်ဆမြှင့်တင်သော ဝိညာဉ်တော်ဟု ခေါ် ဆိုသည်။
၂။ ဗျာ၁း၄ ရှိ ဝိညာဉ်တော်ခုနစ်ပါးမှာ ဘုရားသခင်၏ဝိညာဉ်တော်တစ်ပါးတည်းဖြစ်သည်မှာ သံသယမရှိပါ (ဧ၊၄း၄)။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သုံးပါးတစ်ပါးဘုရား၏ အစီအစဉ်၌ ထားရှိခံရသောကြောင့် ဖြစ်သည်။
၃။ ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်ခြင်း၌ ဂဏန်းနံပါတ်ခုနစ်သည် ပြီးမြောက်ပြည့်စုံခြင်းအတွက်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်တော်ခုနစ်ပါးမှာ မြေကြီးပေါ် တွင် ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် ဖြစ်ရပေမည် – ဗျာ၊၄း၅။
က။ အနှစ်သာရနှင့် တည်ရှိခြင်း၌ ဘုရားသခင်၏ဝိညာဉ်တော်သည် တစ်ပါးတည်းဖြစ်သည်။
ခ။ ဘုရားသခင့်စီရင်ပြုပြင်ခြင်း၏ အရှိန်မြှင့်တင်လှုပ်ရှားလုပ်ဆောင်ခြင်း၌ ကိုယ်တော်၏ ဝိညာဉ်တော်သည် ခုနစ်ဆဖြစ်သည် – ၁း၄။
၄။ ဝိညာဉ်တော်ခုနစ်ပါး ဟူသောခေါင်းစဉ်မှာ ဝိညာဉ်တော်သည် ခုနစ်ဆမြှင့်တင်ထားကြောင်းကို ဖော်ပြသည်။ ဤဝိညာဉ်တော်သည် ဝိညာဉ်တော်၏ဒြပ်သဘာဝများအားလုံးဖြစ်သော ဘုရားဇာတိ၊ လူ့ဇာတိခံခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ စစ်မှန်ခြင်းနှင့် ကျေးဇူးတော် စသည်တို့ကို အရှိန်မြှင့်တင်ထားပြီးဖြစ်သည် – ၃း၁။
၅။ ဗျာ၊၅း၆ အရ ဘုရားသခင်၏ ဝိညာဉ်တော်ခုနစ်ပါးမှာ သိုးသငယ်၏မျက်စိခုနစ်လုံးဖြစ်သည်။
က။ ပလ္လင်ပေါ် တွင်ရှိတော်မူသော ရွေးနုတ်ခြင်းသိုးသငယ်ခရစ်တော်သည် ယေရုရှလင်မြို့သစ် တည်ဆောက်ခြင်း၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သော ဘုရားသခင်၏ ထာဝရအကြံအစည်တော်ပြီးစီးဖို့ရန် စကြဝဠာပေါ် တွင် ဘုရားသခင်၏ စီရင်ခြင်းအတွက် မျက်စိခုနစ်လုံးဖြင့် စောင့်ကြည့်ခြင်းနှင့် ရှာဖွေခြင်းရှိနေသည် – ၄း၅။ ၂၁း၂၊ ၉–၁၀။
ခ။ သိုးသငယ်၏မျက်စိခုနစ်လုံးဖြစ်သော ဝိညာဉ်တော်ခုနစ်ပါးသည် ဖြည့်သွင်းပေးခြင်းအတွက် ဖြစ်သည်။
ဂ။ ခရစ်တော်သည် မျက်စိခုနစ်လုံးဖြင့် ကျွန်ုပ်တို့ကို ကြည့်သောအခါ၊ ဝိညာဉ်တော်ခုနစ်ပါးဖြစ်သော ဤမျက်စိများမှာ ကျွန်ုပ်တို့၏ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ခရစ်တော်၏ဒြပ်သဘာဝများနှင့် ခရစ်တော်ကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဖြည့်သွင်းပေးသည်–၅း၆။

ဂ။ ဗျာ၁း၅ တွင် "သစ္စာစောင့်သောသက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့ကို အုပ်စိုးတော်မူသော" ဟုပြောဆိုထားပါသည်။
၁။ ဘုရားသခင်၏ အသက်ရှင်၍ သစ္စာရှိသောသက်သေခံအဖြစ် ခရစ်တော်သည် ဘုရားသခင်ကို စကားတော်နှင့် ပြုမူလုပ်ဆောင်ခြင်းဖြင့် သက်သေခံရုံသာမက၊ ကိုယ်တော်၏ဖြစ်ခြင်းအားဖြင့်လည်း သက်သေခံတော်မူသည်။ ကိုယ်တော်၏ဖြစ်ခြင်းမှာ ဘုရားသခင်၏ သက်သေခံချက်ဖြစ်သည် – အငယ်၊၅က။
၂။ ခရစ်တော်သည် သေသောသူတို့တွင် သားဦးဖြစ်တော်မူခြင်းမှာ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည်။ ကိုယ်တော်သည် အသက်ရှင်တော်မူသောအရှင်ဖြစ်သည် – အသေခံတော်မူခဲ့၍ ယခုတွင် ကာလအစဉ်အဆက် အသက်ရှင်နေတော်မူ၍၊ သေခြင်းနှင့် မရဏာ၏ သော့များ ရှိတော်မူသောအရှင်ဖြစ်သည် – အငယ်၊၅ခ၊ ၁ဂ။
၃။ တက်ကြွခြင်း၌ သခင်ယေရှုသည် မြေကြီးရှင်ဘုရင်များကို အုပ်စိုးသူဖြစ်သည် – အငယ်၊၅။
က။ လူ့ဇာတိခံခြင်း၊ လူသားအရှင်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို ဖြတ်ကျော်သွားပြီးနောက်၊ ကိုယ်တော်သည် ရှင်ဘုရင်များအားလုံးအပေါ် တွင် နန်းထိုင်စိုးစံလျက်ရှိသည် – ၅း၆။
ခ။ စိုးစံနေသောအရှင်ဖြစ်သော သခင်ယေရှုသည် မြေကြီးအပေါ်၊ တစ်လောကလုံးအပေါ်၊ မြေကြီး၏ရှင်ဘုရင်များ အပေါ် တွင် အုပ်စိုးနေသည် – ၁း၅။

© 2021 Living Stream Ministry